Network for Democracy and Development
Documentation and Research Department

P.O Box 125, Mae Sod,Tak, 63110,Thailand.  Tel : 66 81 7241281. E-mail : ndddrd07@csloxinfo.com

# အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
# အမှတ်စဉ် (၃၀၃)

## “မြန်မာ့ပြည်တွင်းရေးကနေ ဝ တို့အရေး ဖြစ်လာနေပြီ”

နအဖစစ်အစိုးရက အပစ်ရပ် ရလလဖ အဖွဲ့ကို ဖိအားပေးဖြိုခွဲပြီး ဥက္ကဋ္ဌ ဗိုလ်မှူးကြီးချစ်မောင် ခေါင်းဆောင်တဲ့ အင်အားတချို့ကို အတင်းအကျပ် လက်နက်ချခိုင်းတဲ့ အခမ်းအနားတစ်ခုကို မနေ့ (၂၆–၇–၂၀၀၇)က ရှမ်းပြည်တောင်ပိုင်း ဘန်းယဉ်မြို့မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီသတင်းနဲ့ တဆက်တည်းမှာဘဲ အင်အားအကြီးဆုံး အပစ်ရပ်အဖွဲ့တစ်ခုဖြစ်တဲ့ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **(UWSA)** ရဲ့ အရေးပေါ် ဗဟိုကော်မတီအစည်းအဝေးက နအဖရဲ့ ဖိအားပေး အကျပ်ကိုင်တောင်းဆိုမှုတွေကို လက်မခံပဲ ပယ်ချလိုက်တယ်ဆိုတဲ့သတင်းတွေလည်း ပေါ်ထွက်လာခဲ့တာ တွေ့ရပါတယ်။

ဒီဖြစ်စဉ်တွေရဲ့ ဂယက်ရိုက်ခတ်မှုတွေကြောင့် တခြားအပစ်ရပ်အဖွဲ့တွေထဲမှာလည်း လှုပ်လှုပ်ရှားရှား ဖြစ်လာကြတာ တွေ့နေရပါတယ်။ အပစ်ရပ်အဖွဲ့တွေအတွင်းက မတည်ငြိမ်မှုတွေဟာ နောက်ဆုံးအကြိမ်အဖြစ် ကျင်းပပြုလုပ်နေပါတယ်ဆိုတဲ့ နအဖရဲ့ ညောင်နှစ်ပင်ညီလာခံကိုလည်း တနည်းနည်းနဲ့ သွားရောက်ရိုက်ခတ်တော့မှာ သေချာပါတယ်။ ဒီလို အခြေအနေတွေကြောင့် နအဖကလည်း ဇူလိုင်(၂၆)ရက်နေ့မနက် (၈)နာရီကစလို့ သူ့ရဲ့ ကြည်း၊ ရေ၊ လေ တပ်ရင်းတပ်ဖွဲ့အားလုံးကို အရေးပေါ်အခြေအနေကြေညာပြီး တပ်လှန့်ထားလိုက်ပြီ ဖြစ်ပါတယ်။

ထိုင်း–မြန်မာနယ်စပ်အနီးမှာရှိတဲ့ **(UWSA)** တောင်ပိုင်းတပ်တွေအားလုံး ဇူလိုင်လ(၃၁)ရက်နေ့ နောက်ဆုံးထားပြီး ဝ မြောက်ပိုင်းဒေသကို ပြန်လည်ရွှေ့ပြောင်းပေးဖို့ နအဖ ဒုတိယကာကွယ်ရေးဦးစီးချုပ်ရဲ့ ညွှန်ကြားချက်ကို ဇူလိုင်(၁၉)ရက်နေ့ကနေ (၂၂)ရက်အထိ ပန်ဆန်းဗဟိုဌာနချုပ်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ **(UWSP)** ရဲ့ အရေးပေါ် ဗဟိုကော်မတီအစည်းအဝေးကနေ တညီတညွတ်တည်း ပယ်ချလိုက်တာ ဖြစ်ပါတယ်။ ဝ ဒေသကို ထိန်းသိမ်းကာကွယ်ဖို့အတွက်လည်း **(UWSA)** တပ်တွေကို အင်အားတိုးချဲ့ဖွဲ့စည်းပြီး လေကြောင်းရန်ကာကွယ်ရေးလက်နက်တွေ တိုးချဲ့တပ်ဆင်ဖို့၊ တောင်ပိုင်းဒေသကို တပ်အင်အားတွေ ထပ်မံစေလွှတ် ဖြည့်တင်းထားဖို့၊ နအဖက ဖမ်းဆီးထောင်ချထားတဲ့ ဝေဆိုက်ထန် အပါအဝင် ဝ တပ်မှူးတွေ ပြန်လွှတ်လာအောင် ရတဲ့နည်းနဲ့ ကြိုးစားကြဖို့၊ စတဲ့ကိစ္စတွေကိုလည်း အဲဒီအစည်းအဝေးမှာ ဆွေးနွေးဆုံးဖြတ်ခဲ့ကြတယ်လို့ ဆိုပါတယ်။

တကယ်တော့ မြောက်ပိုင်း ဝ တွေနဲ့ **(UWSA)** တပ်တွေကို ထိုင်းမြန်မာနယ်စပ် မိုင်းယွန်းဒေသမှာ အခြေစိုက်နိုင်အောင် နအဖကိုယ်တိုင် စီစဉ်ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ်မှာ နအဖတပ်တွေနဲ့ **(UWSA)** တပ်တွေ ပူးပေါင်းပြီး ဘိန်းဘုရင် ခွန်ဆာ ရဲ့ **MTA** တပ်တွေ ထိန်းချုပ်ထားတဲ့ မိုင်းယွန်းဒေသကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြတာ ဖြစ်ပါတယ်။ ၂၀၀၀ ခုနှစ် ဇူလိုင်လကစပြီး ဒီဒေသမှာ သိန်းနဲ့ချီတဲ့ ဝ လူမျိုးတွေနဲ့ တရုတ်လူမျိုးတွေ လာရောက် အခြေစိုက်နိုင်အောင်လည်း နအဖကိုယ်တိုင် ကူညီဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒ့ါအပြင် **(UWSA)** တောင်ပိုင်း ဌာနချုပ်တည်ရှိရာ မိုင်းယွန်းဒေသရှိ လွယ်ဆန်ဆော ကို ထိုင်းလေတပ်က ဒုံးကျည်တွေနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့တဲ့ဖြစ်စဉ်နဲ့ ထိုင်းမြန်မာနယ်စပ်တစ်လျှောက်ရှိ ဝ တပ်တွေ ထိန်းချုပ်ထားတဲ့ လွယ်ဘွေ၊ ကျူဘန်ကပ်၊ ကပ်ဖာလိုင် နဲ့ တန့်ယန်း စတဲ့ ရှေ့တန်း ခြေကုတ်တပ်စခန်းတွေကို ထိုင်းတပ်မတော်က အမြောက်ကြီးတွေနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့တဲ့ဖြစ်စဉ်တွေမှာ ဝ တွေဟာ မြန်မာနိုင်ငံဖွား ညီနောင်တိုင်းရင်းသားတွေဖြစ်လို့ ဝ တပ်ဖွဲ့တွေကို ကျူးကျော်တိုက်ခိုက်လာရင် မြန်မာ့တပ်မတော်က လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူးလို့ နအဖဗိုလ်ချုပ်တွေက အသံကောင်းဟစ်ပြခဲ့ဘူးပါတယ်။

နအဖ က **(UWSA)** အပေါ် ဒီလိုသဘောထားတွေ ထားရှိခဲ့တာဟာ နအဖအဖွဲ့ထဲမှာ ဗိုလ်ချုပ်ကြီးခင်ညွန့် နဲ့ သူ့ရဲ့စစ်ထောက်လှမ်းရေးအဖွဲ့ ဘုန်းမီးနေလ ထွန်းတောက်ခဲ့စဉ်အချိန်က ဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးခင်ညွန့်ဟာ ဝ ခေါင်းဆောင်တွေရဲ့ ယုံကြည်မှုကိုရရှိအောင် ဆောင်ရွက်ပြနိုင်ခဲ့သူ ဖြစ်ပါတယ်။ အပစ်အခတ်ရပ်စဲရေးစတင်ခဲ့တဲ့ အစောပိုင်း ကာလတွေမှာကတည်းက အစောင့်အရှောက် များများစားစားမပါဘဲ ပန်ဆန်းဗဟိုဌာနချုပ်မှာ ဝ ခေါင်းဆောင်တွေနဲ့ အတူအိပ်၊ အတူစား၊ လက်ပွန်းတတီး နေထိုင်ပြခဲ့သူဖြစ်ပါတယ်။ အခုတော့ နအဖနဲ့ **(UWSA)** တို့ရဲ့ ဆက်ဆံရေး အခြေအနေတွေဟာ ၂၀၀၄ ခုနှစ်ကုန်ပိုင်းမှာ ဖြုတ်ထုတ်ဖယ်ရှားခံလိုက်ရတဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့အတူ မှေးမှိန်ပျောက်ကွယ်သွားခဲ့ရပြီ ဖြစ်ပါတယ်။

ဗိုလ်ခင်ညွန့်ကို ဖြုတ်ထုတ်ဖယ်ရှားလိုက်တဲ့ နအဖ ဗိုလ်ချုပ်ကြီးတွေက ဝ ဒေသတခွင်မှာ စိုက်ထူထားတဲ့ ဗိုလ်ခင်ညွန့်နဲ့ ဝ ခေါင်းဆောင် ပေါက်ယူချန်းတို့ အတူယှဉ်တွဲပြီး လက်ပြနှုတ်ဆက်နေတဲ့ ပိုစတာဆိုင်းဘုတ်ကြီးတွေကို ဖြုတ်ချပေးဖို့ ၂၀၀၄ ခုနှစ်ကုန်ပိုင်းမှာ **(UWSA)** ကို စတင်ဖိအားပေးခဲ့ရာက ၂၀၀၇ခုနှစ် ဆန်းပိုင်းအရောက်မှာ လက်နက်ချဖို့အထိ ဖိအားကို တဆင့်ပြီးတဆင့် တိုးမြှင့်ပေးလာခဲ့တာ တွေ့ရပါတယ်။ ဒီနှစ် ဖေဖော်ဝါရီလ (၂၂၊၂၃) ရက်နေ့တွေမှာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် ဟာ ကက/ကြည်း ရဲ့ ညွှန်ကြားချက်အရ တိုင်းစစ်ဦးစီးမှူး ဗိုလ်မှူးကြီးမျိုးချစ်၊ စကခ(၁၆)မှူး ဗိုလ်မှူးချုပ် သက်ဦး တို့နဲ့အတူ အမြောက်တပ်ရင်းမှူး(၂)ဦး၊ သံချပ်ကာ တပ်ရင်းမှူး(၁)ဦးတို့ ခြံရံလိုက်ပါပြီး ပန်ဆန်းဌာနချုပ်အပါအဝင် ဝ (မြောက်) ဒေသတခွင်ကို ပိုင်စိုးပိုင်နင်းနဲ့ လှည့်လည် ကြည့်ရှုခဲ့တာ တွေ့ရပါတယ်။ ဒီခရီးစဉ်အတွင်း ဝ တပ်တွေကို လက်နက်ချဖို့ တိုက်တွန်းပြောဆိုခဲ့တာ ရှိမရှိ အတိအကျ မသိရပေမဲ့ မတ်လအတွင်းမှာတော့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေရဲ့ ရှမ်းဒေသတချို့မှာ "ငြိမ်းချမ်းရေးယူလာတာ (၁၅) နှစ်ကျော်ရှိပြီ၊ လက်နက်တွေ ကိုင်ထားတုန်းပဲလား၊ တကယ့်စစ်မှန်တဲ့ငြိမ်းချမ်းရေး ရပြီလေ၊ လက်နက်အပ်နှံရေး စဉ်းစားပေး" ဆိုတဲ့ ရှမ်းဘာသာ၊ မြန်မာဘာသာနဲ့ ရေးသားထားတဲ့စာတွေကို အမည်မသိလူတစ်စုက ဖြန့်ဝေတဲ့ လှုပ်ရှားမှုတွေ ပေါ်ပေါက်ခဲ့ပါတယ်။

နအဖကိုယ်စား ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်တွေကို အနီးကပ်ကြီးကြပ်ရတဲ့ အမှတ်(၂) စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းဟာလည်း မတ်လနဲ့ ဧပြီလတွေအတွင်းမှာ ရှမ်းပြည်တခွင်ကို အဆက်မပြတ် လှည့်လည်သွားရောက်ခဲ့တာ တွေ့ရပါတယ်။ ဒုဗိုလ်ချုပ်ကြီးကျော်ဝင်းဟာ အမှတ်(၇၁) သံချပ်ကာစခန်းဌာနချုပ် တပ်မှူး ဗိုလ်မှူးချုပ်လှမြင့် နဲ့အတူ ဧပြီလဆန်းပိုင်းမှာ တြိဂံတိုင်းစစ်ဌာနချုပ်နယ်မြေကို သွားရောက်စစ်ဆေးခဲ့ပါတယ်။ ဒုဗိုလ်ချုပ် ကြီးကျော်ဝင်းပြန်သွားအပြီး (၃)ရက်လောက်အကြာ ဧပြီလ(၉)ရက်နေ့မှာ တြိဂံတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင်က ဝ(တောင်) စစ်ဒေသ (၁၇၁)မှ တပ်မှူးတွေကို ကျိုင်းတုံမှာ ခေါ်ယူတွေ့ဆုံပြီး လက်နက်ချဖို့ ဖိအားပေး ပြောဆိုတာတွေ ပြုလုပ်ခဲ့ပါတယ်။ ဗိုလ်ချုပ် မင်းအောင်လှိုင်က စစ်ဒေသ(၁၇၁)ကို ဒီနှစ် နှစ်ဆန်းပိုင်းကစပြီး ဖိအားအမျိုးမျိုး ပေးလာခဲ့တာ ဖြစ်ပါတယ်။ ထိုင်း–မြန်မာနယ်စပ် မိုင်းတုံ၊ မိုင်းဆတ်နဲ့ မိုင်းဖြတ် မြို့နယ်တွေပါဝင်တဲ့ စစ်ဒေသ (၁၇၁)ရဲ့ လူအင်အား၊ လက်နက်အင်အားစာရင်းကို ဖေဖော်ဝါရီလအတွင်း အပြီးတင်ပြပေးဖို့ ညွှန်ကြားခဲ့တဲ့အပြင် ဝ(မြောက်) က နေ ဝ(တောင်)ကို လူအင်အား၊ စစ်အင်အား ထပ်မံမဖြည့်တင်းနိုင်အောင်လည်း လမ်းကြောင်းတွေကို တင်းတင်းကျပ်ကျပ် ပိတ်ဆို့တာတွေ ပြုလုပ်လာတာ တွေ့ရပါတယ်။

ဝ ဒေသအတွင်းရှိ အုပ်ချုပ်ရေးနဲ့ အကောက်ခွန်ဌာနတွေကို နိုင်ငံတော်အစိုးရအား ကိုင်တွယ်ခွင့်ပြုရမယ်ဆိုတဲ့ တောင်းဆိုချက်အသစ်တစ်ရပ်ကို နအဖရဲ့ ကြပ်ပြေးနေပြည်တော် စစ်ဌာနချုပ်က ဧပြီလ(၂၈)ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ တခြားအပစ်ရပ်အဖွဲ့တွေရဲ့ နယ်မြေတွေမှာလည်း ဒီလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရကသာ လုပ်ဆောင်နေတာဖြစ်တယ်လို့ အကြောင်းပြခဲ့ပါတယ်။ နအဖရဲ့ ဒီတောင်းဆိုချက်နဲ့ပတ်သက်ပြီး ဝ ထိပ်တန်းခေါင်းဆောင်တွေပါဝင်တဲ့ အရေးပေါ် အစည်းအဝေးတစ်ရပ်ကို မေလ(၃)ရက်နေ့က ပန်ဆန်း ဗဟိုဌာနချုပ်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ နအဖရဲ့တောင်းဆိုချက်ကို လောလောဆယ် အခြေအနေမှာ လက်မခံနိုင်သေးကြောင်း၊ ညောင်နှစ်ပင်အမျိုးသားညီလာခံ ပြီးဆုံးသွားတဲ့အခါမှ ဝင်ခွင့်ပြုမပြု စဉ်းစားမယ်လို့ အကြောင်းပြန်ခဲ့ပါတယ်။ **(UWSA)** ရဲ့ ဒီအကြောင်းပြန်ချက်ကြောင့် နအဖဗိုလ်ချုပ်ကြီးတွေဟာ အကြီးအကျယ် ဒေါသူပုန်ထခဲ့ကြတယ်လို့ ဆိုပါတယ်။ သူတို့ရဲ့တောင်းဆိုချက်ကို ပယ်ချခဲ့တဲ့အတွက် ဝ အုပ်ချုပ်ရေးဒေသအတွင်းက ထွက်ရှိတဲ့ သစ်တောထွက်ပစ္စည်းတွေနဲ့ တွင်းထွက်သတ္တုတွေကရရှိတဲ့ အခွန်အကောက်မှန်သမျှ သူတို့ကိုပေးအပ်ဖို့ ထပ်မံတောင်းဆိုလာပြန်ပါတယ်။ ဒီ တောင်းဆိုချက်ကိုလည်း **(UWSA)** က ပယ်ချခဲ့ပြီး ဝ ဒေသက ထွက်ရှိတဲ့ မြေပေါ်မြေအောက် သယံဇာတမှန်သမျှ ဝ လူမျိုးတွေနဲ့သာ သက်ဆိုင်တယ်လို့ အကြောင်းပြန်ခဲ့ကြောင်း သိရှိ ရပါတယ်။

ဝ တပ်ဖွဲ့တွေဟာ ၁၉၈၉ ခုနှစ်မှာ ဗမာပြည်ကွန်မြူနစ်ပါတီကနေ ခွဲထွက်ခဲ့ကြပြီး နဝတ စစ်အစိုးရရဲ့ ကမ်းလှမ်းချက်အရ အပစ်အခတ်ရပ်စဲဖို့ သဘောတူခဲ့ကြတာ ဖြစ်ပါတယ်။ နဝတ နဲ့ **(UWSA)** တို့အကြား ရရှိခဲ့ကြတဲ့သဘောတူညီ

ချက်တွေထဲမှာ စစ်အင်အား မတိုးချဲ့ဖို့၊ လူသစ်မစုဆောင်းဖို့၊ တစ်ဦးရဲ့နယ်မြေကို တစ်ဦးက မကျူးကျော်ဖို့၊ အုပ်ချုပ်ရေးကိစ္စတွေမှာ ဝင်မစွက်ဖို့၊ နယ်မြေဖြတ်သန်းချင်ရင် ကြိုတင်ခွင့်ပြုချက်ရယူဖို့၊ လက်နက်ကိုင်ဆောင်ပြီး ဝင်ရောက်ခြင်း မပြုဖို့၊ အကြီးအကဲတွေရဲ့ ခရီးစဉ်တွေမှာ အနီးကပ်လုံခြုံရေးအဖွဲ့တွေကို လက်နက်ကိုင်ဆောင်ခွင့်ပြုဖို့၊ စတဲ့ အချက်တွေ ပါဝင်ကြောင်း သိရှိရပါတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့် တန်ခိုးထွားခဲ့စဉ်ကာလက ဒီသဘောတူညီချက်တွေကို အတတ်နိုင်ဆုံး လိုက်နာခဲ့တဲ့အပြင် **(UWSA)** အဖွဲ့ကို စီးပွားရေးအရ တခြားအပစ်ရပ်အဖွဲ့တွေထက်ပိုပြီး အခွင့်အရေးပေးခဲ့တဲ့အတွက် နှစ်ဖက်ဆက်ဆံရေးတွေ အဆင်ပြေချောမွေ့ခဲ့ပါတယ်။ ဒါပေမဲ့ အပစ်ရပ်အဖွဲ့တွေအပေါ် တင်းမာတဲ့သဘောထားရှိသူ ဒုတိယ ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးရဲ့ တပည့်ရင်း ဗိုလ်ချုပ်မြင့်လှိုင် ရမခ မှာ စစ်တိုင်းမှူး ဖြစ်လာခဲ့တဲ့အချိန်က စပြီး နဝတနဲ့ **(UWSA)** အောက်ခြေတပ်တွေအကြားမှာ တင်းမာမှုတွေနဲ့ ထိပ်တိုက်တွေ့မှုတွေ မကြာခဏ ဖြစ်ပွားလာခဲ့တာ တွေ့ရပါတယ်။ ၂၀၀၃ ခုနှစ်လောက်ကစပြီး ဝ ဒေသနဲ့ ဆက်စပ်နေတဲ့နေရာတွေမှာ နအဖက အမြောက်တပ်တွေ၊ တင့်ကားတပ်တွေအပါအဝင် စစ်အင်အားတွေကို တိုးချဲ့ချလာခဲ့တာကြောင့် ဝ တပ်တွေနဲ့ ထိပ်တိုက်ရင်ဆိုင်ဖြစ်မှု (၂)ကြိမ်၊ (၃)ကြိမ်လောက်ဖြစ်ပေါ်ခဲ့တာ တွေ့ရပါတယ်။

အဲဒီနောက်ပိုင်းကစပြီး **(UWSA)** ကလည်း လျှို့ဝှက်ပြီး စစ်ရေးပြင်တာတွေ ပြုလုပ်လာခဲ့တဲ့အပြင် ထိစပ်နေတဲ့ တခြားလူမျိုးစု အပစ်ရပ်အဖွဲ့တွေနဲ့ စစ်ရေး၊ နိုင်ငံရေးကိစ္စတချို့မှာ ပူးပေါင်းဆောင်ရွက်လာတာ တွေ့ရပါတယ်။ နအဖကလည်း ဖိအားတိုးမြှင့်တဲ့အနေနဲ့ ၂၀၀၅ခုနှစ်အတွင်းမှာ **(UWSA)** နဲ့ပတ်သက်နေတယ်လို့ ယူဆရတဲ့ ဘဏ်ကြီး(၃)ခုကို ဖျက်သိမ်းပစ်ခဲ့ပါတယ်။ ဒါ့အပြင် ၂၀၀၅ခုနှစ် စက်တင်ဘာ(၁၁)ရက်နေ့မှာ **(UWSA)** တပ်မဟာ (၂၅၁၈)ရဲ့ တပ်မဟာမှူး အိုက်ပန် အပါအဝင် တပ်ဖွဲ့ဝင် (၄၅)ဦးကို ရှမ်းပြည်အရှေ့ပိုင်းမှာ အမေရိကန်ဒေါ်လာ (၆၂)သန်းကျော် တန်ဖိုးရှိတဲ့ ဘိန်းဖြူ (၄၉၆)ကီလို၊ ထိုင်းဘတ်ငွေ(၄၁)သိန်းနဲ့အတူ ဖမ်းဆီးခဲ့ပြီး စစ်တွေနဲ့ ဘူးသီးတောင် အကျဉ်းထောင်တွေကို ပို့ဆောင် ချုပ်နှောင်ထားခဲ့ပါတယ်။

နအဖနဲ့ တရုတ်–မြန်မာနယ်စပ်တစ်လျှောက်က တိုင်းရင်းသားအပစ်ရပ်အဖွဲ့တွေအကြား အဆင်မပြေ မသင့်မမြတ်ဖြစ်လာတဲ့အခါတိုင်း ပုဏ္ဏားတိုင်အဖြစ်နဲ့ ကြားဝင်ပေးရလေ့ရှိသူကတော့ ဝတို့တိုင်းပြည်က (ကိုယ့်ကိုယ်ကို ဝတို့၊ ဝတို့ ဟု ပြောတတ်သူတို့၏တိုင်းပြည်)က ခေါင်းဆောင်ကြီးတွေ ဖြစ်ပါတယ်။ ကုလသမဂ္ဂအထွေထွေညီလာခံနဲ့ လုံခြုံရေးကောင်စီ အစည်းအဝေးတွေမှာ သူတပါးရဲ့ပြည်တွင်းရေးမို့ ဝင်မစွက်နိုင်ဘူးလို့ ငြင်းဆိုလေ့ရှိတဲ့ တရုတ်ခေါင်းဆောင်ကြီးတွေဟာ နအဖနဲ့ မြောက်ပိုင်းက လူမျိုးစုအပစ်ရပ်အဖွဲ့တွေအကြားမှာ လျှို့ဝှက်ပြီး မကြာခဏ ကြားဝင်ဆောင်ရွက်ပေးခဲ့ရတာတွေ ရှိခဲ့ပါတယ်။ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလမှာ နအဖ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်ကိုသွားရောက်ပြီး တရုတ်ပြည်ကို ကျောပေးထားကြတဲ့ အပစ်ရပ်အဖွဲ့တွေနဲ့ သူတို့အကြားမှာပေါ်ပေါက်နေတဲ့ ပြဿနာတွေကို တရုတ်ခေါင်းဆောင်ကြီးတွေထံ တင်ပြတိုင်ကြားခဲ့ပါတယ်။ ကချင်နဲ့ ဝ ဒေသတွေကတဆင့် တင်ပို့နေတဲ့ သစ်နဲ့သစ်တောထွက်ပစ္စည်း တွေကိုလည်း တားမြစ်ပိတ်ပင်ပေးဖို့ မေတ္တာရပ်ခံခဲ့ပါတယ်။ တရုတ်ခေါင်းဆောင်ကြီးတွေက ဗိုလ်စိုးဝင်း စိတ်ချမ်းသာအောင် ကျောသပ်နှစ်သိမ့်ပေးလိုက်ပေမဲ့ နောက်ကွယ်မှာတော့ သစ်တွေနဲ့သတ္တုတွေ တရားမဝင် တင်ပို့နေမှုတွေကို ဆက်လက်ပြီး မသိချင်ယောင်ဆောင်နေခဲ့တာ တွေ့ရပါတယ်။

အလားတူ ဒီနှစ် ဇန်နဝါရီလကုန်ပိုင်းကလည်း နအဖ ကြည်း၊ ရေ၊ လေ ညှိနှိုင်းကွပ်ကဲရေးမှူး ဗိုလ်ချုပ်ကြီး ရွှေမန်း ခေါင်းဆောင်တဲ့ အဆင့်မြင့် စစ်ဘက်ကိုယ်စားလှယ်အဖွဲ့ဟာ တရုတ်ခေါင်းဆောင်ကြီးတွေနဲ့ သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။ ဒီကိုယ်စားလှယ်အဖွဲ့မှာ တရုတ်နိုင်ငံနဲ့ နယ်စပ်ချင်းဆက်စပ်နေတဲ့ မပခ၊ ရမခ နဲ့ တဂခ စစ်တိုင်းမှူး တွေကိုပါ ခေါ်ဆောင်သွားတာဖြစ်တဲ့အတွက် တရုတ်နယ်စပ်က အပစ်ရပ်အဖွဲ့တွေနဲ့ နအဖအကြား ပေါ်ပေါက်နေတဲ့ ပြဿနာတွေကိုပါ တရုတ်ခေါင်းဆောင်ကြီးတွေကို အစီရင်ခံတင်ပြကြမှာ သေချာပါတယ်။ ဗိုလ်ချုပ်ကြီးရွှေမန်းရဲ့ ခရီးစဉ်အပြီးမှာ တရုတ်ထောက်လှမ်းရေးအကြီးအကဲ (၄)ဦးဟာ ဘာသာပြန်တစ်ဦးနဲ့အတူ ပန်ဆန်းဌာနချုပ်ကို ဧပြီလ(၄)ရက်နေ့မှာ တစ်ကြိမ်၊ ဧပြီ(၂၆)ရက်နေ့မှာ တစ်ကြိမ်၊ (၂)ကြိမ်တိုင် လျှို့ဝှက်လာရောက်ပြီး **(UWSA)** ထိပ်တန်းခေါင်းဆောင် တွေဖြစ်တဲ့ ဦးပေါက်ယူချန်း၊ ဦးပေါက်ယူလျှန်း၊ ဦးကျူလဲ ခေါ် ဦးအောင်မြင့်၊ ရဲချုပ် ဦးတာနပ်၊ ညောင်နှစ်ပင် ညီလာခံကိုယ်စားလှယ်တွေဖြစ်တဲ့ ဦးဘိုလွယ်ခမ်း၊ ဦးစောလူတို့နဲ့ ၃၊ ၄ရက်ကြာ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ကြောင်း သိရှိရပါတယ်။

ဒီနှစ် ဇွန်လ(၅)ရက်နေ့မှာ နအဖ ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဌလည်းဖြစ်၊ နအဖ အတွင်းရေးမှူး(၁) လည်းဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က (၁၄)နှစ်ကြာ အမျိုးသားညီလာခံကြီးကို ဇွန်လ(၁၈)ရက်နေ့မှာ နောက်ဆုံး အကြိမ်အဖြစ်နဲ့ ပြန်စမယ်လို့ ပြောပြီး လေယာဉ်ပေါ်ကို ဒရောသောပါးတက်ခါ ပီကင်းကို ထွက်ခွာသွားခဲ့တာကို ထောက်ရှုခြင်းအားဖြင့် ဒီခရီး

စဉ်မှာလည်း နှစ်နိုင်ငံအကျိုးတူကိစ္စတွေအပြင် ညီလာခံတွင်းနဲ့ ညီလာခံပြင်ပမှာဖြစ်ပေါ်နေတဲ့ တိုင်းရင်းသားအပစ်ရပ်အဖွဲ့တွေနဲ့ နအဖအကြားက ပြဿနာတွေကိုပါ ထည့်သွင်းဆွေးနွေး တင်ပြလိမ့်ဦးမယ်လို့ ယူဆရပါတယ်။ ဒီခရီးစဉ်အပြီး သိပ်မကြာခင်မှာပဲ တရုတ်ခေါင်းဆောင်ကြီးတွေက နယ်စပ်တစ်လျှောက်ရှိ အပစ်ရပ်အဖွဲ့ခေါင်းဆောင်တွေကို တစ်ဖွဲ့ချင်း တရုတ်ပြည်ကို ခေါ်ယူဆွေးနွေးတာတွေ ပြုလုပ်နေတယ်ဆိုတဲ့ သတင်းတွေလည်း ပေါ်ထွက်လာခဲ့ပါတယ်။

**KIO** ခေါင်းဆောင်တွေနဲ့ **SSA** (မြောက်ပိုင်း) ခေါင်းဆောင်တွေကိုလည်း ခေါ်ယူဆွေးနွေးခဲ့တဲ့အတွက် **SSA** (မြောက်ပိုင်း) ခေါင်းဆောင်တွေဟာ ဇူလိုင်(၂)ရက်နေ့မှာ ရွှေလီကတဆင့် ကူမင်းကို ထွက်ခွာသွားခဲ့ကြတယ်လို့ ဆိုပါတယ်။ တရုတ်–မြန်မာ နယ်စပ်တစ်လျှောက်မှာ ကချင်ဒီမိုကရေစီသစ်တပ်မတော်၊ ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့၊ ကချင်ကာကွယ်ရေးတပ်မတော်၊ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း)၊ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်၊ ကိုးကန့်အဖွဲ့နဲ့ မိုင်းလားအခြေစိုက် အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်ပေါင်းစု စတဲ့ အပစ်ရပ် တိုင်းရင်းသားအဖွဲ့အစည်းတွေ ရှိနေကြတာကြောင့် ဒီအဖွဲ့တွေကိုလည်း တရုတ်ခေါင်းဆောင်တွေက ခေါ်ယူဆွေးနွေး ဩဝါဒပေးလိမ့်မယ်လို့ ယူဆရပါတယ်။ ရန်ကုန်အခြေစိုက် တရုတ်သံအမတ်ကြီးနဲ့ စစ်သံမှူးတွေကလည်း အပစ်ရပ်အဖွဲ့ခေါင်းဆောင်တွေကို မကြာခဏ သွားရောက်တွေ့ဆုံ ဆွေးနွေးတာတွေ လုပ်လေ့ရှိတာ တွေ့ရပါတယ်။

ဒီနှစ် ဇွန်လ (၂၅)ရက်နေ့တုန်းကလည်း နအဖ ကိုယ်စားလှယ်အဖွဲ့နဲ့ အမေရိကန်နိုင်ငံခြားရေးဌာနက ကိုယ်စားလှယ်တွေကို ပီကင်းမှာ လျှို့ဝှက်ပြီး တွေ့ဆုံဆွေးနွေးနိုင်အောင် တရုတ်ခေါင်းဆောင်တွေက စီစဉ်ဆောင်ရွက်ပေးခဲ့တာ တွေ့ရပါတယ်။ ဒီအခြေအနေတွေကိုကြည့်ရင် တရုတ်နိုင်ငံအနေနဲ့ မြန်မာပြည်ရဲ့အရေးကိစ္စကို သူများရဲ့ပြည်တွင်းရေး ကိစ္စဆိုပြီး ကြာကြာ လှစ်လျူရှုထားလို့ မရနိုင်တော့ဘူးဆိုတာ သဘောပေါက်လာပြီလို့ ယူဆရပါတယ်။ တရုတ်နိုင်ငံရဲ့ အကျိုးစီးပွားတွေဟာ မြန်မာနိုင်ငံမှာ တဖြေးဖြေးများလာနေပြီဖြစ်လို့ မြန်မာ့အရေးဟာ တဖြေးဖြေးနဲ့ ဝ တို့အရေး ဖြစ်လာနေတာ ထင်ရှားလာနေပါပြီ။ လူဦးရေ (၇)သိန်းနီးပါးရှိပြီး စစ်ရေးအတွေ့အကြုံမြင့်မားတဲ့ အမြဲတမ်းတပ်ဖွဲ့အင်အား (၃)သောင်းနီးပါးနဲ့ အရံတပ်ဖွဲ့အင်အား (၂)သောင်းကျော်အထိရှိတဲ့ **(UWSA)** တပ်တွေနဲ့ နအဖတပ်တွေအကြား တိုက်ပွဲတွေ ပြန်လည်ဖြစ်ပွားမှာကို စီးပွားရေးဖွံ့ဖြိုးတိုးတက်နေပြီဖြစ်တဲ့ အိမ်နီးချင်း တရုတ်ပြည်က လိုလားမှာ မဟုတ်တော့ပါဘူး။ အထူးသဖြင့် ၂၀၀၈ ခုနှစ်မှာ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမဲ့ ကမ္ဘာ့အိုလံပစ် အားကစားပွဲတော်ကို လုံးဝ အထိအခိုက်ခံချင်မှာ မဟုတ်ပါဘူး။

**(UWSA)** နဲ့ နအဖတပ်တွေအကြား တိုက်ပွဲတွေဖြစ်လာခဲ့ရင် တရုတ်နယ်စပ်တလျှောက်မှာရှိတဲ့ တခြားလူမျိုးစု အပစ်ရပ်အဖွဲ့တွေကလည်း လက်နက်ကိုင်တော်လှန်ရေးကို ပြန်လည်ဆင်နွှဲလာနိုင်တာကြောင့် တရုတ်ပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ တည်ငြိမ်မှုကိုပါ အကြီးအကျယ် ထိခိုက်စေမှာ သေချာပါတယ်။ ဒါ့အပြင် မြန်မာပြည်က ထုတ်လုပ်တဲ့ မူးယစ်ဆေးဝါးတွေရဲ့ (၈၀)ရာခိုင်နှုန်းဟာလည်း တရုတ်ပြည်တွင်းကို ဝင်ရောက်နေတာဖြစ်လို့ ဒီအရေးကို တရုတ် ခေါင်းဆောင်ပိုင်းအနေနဲ့ ကြာကြာ မသိကျိုးကျွံပြုထားလို့ မရနိုင်ပါဘူး။ လက်ရှိ နအဖစစ်အစိုးရဟာ တရုတ်ခေါင်းဆောင်တွေ မျှော်လင့်ထားသလို နိုင်ငံကိုတည်ငြိမ်တိုးတက်အောင် အုပ်ချုပ်နိုင်စွမ်း မရှိဘူးဆိုတာ (၁၈)နှစ်တာ အတွေ့အကြုံတွေအရလည်း ထင်ရှားနေပြီဖြစ်ပါတယ်။

ဒါကြောင့် တရုတ်နိုင်ငံရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနဲ့ တည်ငြိမ်မှုအတွက် တရုတ်ခေါင်းဆောင်တွေအနေနဲ့ မြန်မာ့နိုင်ငံရေးပြဿနာတွေကို ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနဲ့ပူးပေါင်းပြီး မှန်မှန်ကန်ကန် ကိုင်တွယ်ဖြေရှင်းပေးဖို့ အရေးတကြီး လိုအပ်လာနေပြီဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

---

***End of report/ Friday, July 27, 2007***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

---